ကင်မွန်းခြုံကျေးရွာ

ဘွက်ကျေးရွာအုပ်စု ၊ ကသာမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ကင်မွန်းခြုံကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကသာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်)

နိုဝင်ဘာ ၊ ၂၀၂၀

# မာတိကာ


ကင်မွန်းခြံကျေးရွာ သယံဇာတအရင်းအမြစ်ပြမြေပုံ၊ ကသာမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၆။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

၇။ ပညာရေး

၈။ ကျန်းမာရေး

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၀။ ကျား–မ ရေးရာ

၁၁။ လူငယ်နှင့် ဖွံ့ဖြိုးရေး

၁၂။ မူးယစ်ဆေးအန္တရာယ်

၁၃။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းနောက်ဆက်တွဲများ

၁၄။ ကင်မွန်းခြံကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား

၁၅။ ကင်မွန်းခြံကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

ကင်မွန်းခြုံကျေးရွာ သယံဇာတအရင်းအမြစ်ပြမြေပုံ



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

ကင်မွန်းခြုံကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ် ဘွက်ကျေးရွာအုပ်စုတွင် တည်ရှိပြီး ကသာမြို့၏ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏ အနောက်ဘက် ကပ်လျက်တွင် ဧရာဝတီမြစ်လက်တက်ရှိပါသည်။ ကင်မွန်းခြုံကျေးရွာလမ်းသည် ရွာ၏မြောက်ဘက်ရှိ ဘွက်ကျေးရွာ၊ စက်ဆုပ်ကျေးရွာ၊ ပိလ္လဟာကျေးရွာ၊ ဆင်ကုန်းကျေးရွာ၊ အင်းဒရန့်ကျေးရွာ၊ ပုလ္ဝရွှေကျေးရွာတို့နှင့် ဆက်သွယ်ထားသော လမ်းမှတစ်ဆင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ကသာမြို့သို့လည်း သွားလာနိုင်ပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကင်မွန်းခြုံကျေးရွာသည် နှစ်စဉ်မိုးရေချိန် ၄၀ လက်မနှင့် ၅၀ လက်မအကြား ရရှိပါသည်။ မြေဆီမြေဩဇာအသင့်အတင့် ကောင်းမွန်သော လယ်မြေများရှိပါသည်။ ရွာ၏အနောက်ဘက်ရှိ မြစ်လက်တက်တွင် မြစ်ရေကျချိန်၌ နှုန်းများတင်ကျန်နေခဲ့သောကြောင့် မြေဆီမြေဩဇာ ကောင်းမွန်သဖြင့် စပါးနှင့် အခြားသီးနှံစိုက်ပျိုးမှုများ ဖြစ်ထွန်းကြောင်းတွေ့ရပါသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကင်မွန်းခြုံကျေးရွာတွင်ဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ ကပ္ပိယအဖွဲ့၊ အိမ်ထောင်သည် အမျိုးသား (ပေါ်ခင်)၊ အိမ်ထောင်သည်အမျိုးသမီး(မယ်ခင်) အဖွဲ့များနှင့် လူပျို/ အပျိုအဖွဲ့များသည် ဘာသာရေး၊သာသနာရေးများနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စိတ်ပါဝင်စားစွာဖြင့် အားတက်သရော ဆောင်ရွက်ကြပါသည်။ ဘာသာရေးနှင့်ဆိုင်သော ကိစ္စများတွင် ဘုန်းတော်ကြီး များ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ ရပ်မိရပ်ဖများမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော လမ်းများအား နှစ်စဉ်ပြုပြင် မွမ်းမံလျက်ရှိကြပါသည်။ ကျေးရွာရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ တိုးတက်စေရန် ဆောင်ရွက်ကြရာတွင် ရွာသူ/သားများမှ စိတ်အားထက်သန်စွာဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါသည်။ ကျေးရွာလုံခြုံရေးအတွက် အရန်မီးသတ်ဖွဲ့စည်းထားရှိပြီး ကျောင်းအကျိုး တော်ဆောင်အဖွဲ့မှာ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကင်မွန်းခြုံကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ဆောင်ပြီး တစ်ဖက်တစ်လမ်း မှ ဝင်ငွေရရှိစေရန် မွေးမြူရေးလုပ်ငန်းကို ပူးတွဲလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ တောင်သူအများ စုမှာ ကုန်သည်ပွဲစားများ၏ ဆိုဒျေးဖြင့်သာ ရောင်းချနေကြရသဖြင့် အမြတ်ငွေ နည်းပါးပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းဖြင့်သာ အသက်မွေးကြသူများဖြစ်ပြီး

လယ်/ယာမရှိသူ အနည်းစုမှာ လယ်ငှား/နေ့စား/ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။ စျေးကွက်အခွင့်အလမ်း ရှားပါးသည့်အတွက် တောင်သူများမှာ စျေးကွက်တန်းဖိုးမြင့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ဝင်ငွေရရှိမှု အလွန်နည်းပါးပါသည်။ ကျေးရွာရှိ စိုက်ပျိုးသည့် သီးနှံများမှာ စပါး၊မြေပဲ၊ ပန်းနှမ်း၊ မတ်ပဲ၊ ပဲငပိ၊ နှမ်းနှင့် အခြားစားသုံးနိုင်သည့် ပဲများကိုလည်း စိုက်ပျိုးကြပါသည်။ တန်ဖိုးမြင့်သီးနှံများကို စိုက်ပျိုးလာစေရန် စျေးကွက်အခွင့် အလမ်းများနှင့် ချိတ်ဆက်နိုင်မည့်လမ်းကြောင်း ပွင့်လင်းလာရန် အရေးကြီးသော အခြေအနေ ဖြစ်ပါသည်။ ကွဲ၊နွား မွေးမြူခြင်းသည် စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ပဲ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း အားကောင်းပြီး အရေးပါသော လုပ်ငန်းဖြစ်သည်။ ကင်မွန်းခြံကျေးရွာ၏ အရှေ့ဘက်၊ တောင်ဘက် နှင့်မြောက်ဘက် တို့တွင် လယ်/ယာ အများအပြားရှိပြီး၊ ကျေးရွာ အနောက်ဘက်တွင် ဧရာဝတီမြစ် လက်တက်တွင် ရေကျချိန် ကိုင်းကျွန်းများပေါ်၌ နွေစပါးများ စိုက်ပျိုးကြပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ကင်မွန်းခြံကျေးရွာတွင် အိမ်ခြေ(၃၀၇)အိမ်ရှိပြီး အိမ်ထောင်စု(၃၃၄)စုရှိပြီး လူနေမှု အဆောက်အဦများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် ရေတွင်းတုံကင်နှင့် စက်တပ်တွင်းများ ရှိသဖြင့် သောက်သုံးရေကို အသင့်အတင့် ရရှိကြပါသည်။ ကျေးရွာမှ လက်ရှိ သွားလာလျက်ရှိသော ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ခြင်း၊ မြေပြင်အခြေအနေအရ ကျေးရွာအတွင်း တောင်ကုန်း မြေမြင့် များရှိခြင်းတို့ကြောင့် မိုးရာသီတွင် ရေစီးဆင်းမှုများကြောင့် ရွံ့ဗွက်များဖြင့် သွားလာရန် ခက်ခဲလှပါသည်။ ထို့ကြောင့် သွားလာရေးလွယ်ကူစေရန်အတွက် သဲကျောက်ရောမြေခင်းခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတစ်ရွာလုံး မီးလင်းရေး ရရှိရန်အတွက် ကိုယ်ထူကိုယ်ထ ပြင်ပမှဝယ်ယူထားသော ဆိုလာများဖြင့် လတ်တလော အဆင်ပြေစွာ သုံးစွဲနေကြ ပါသည်။

**၆။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ကင်မွန်းခြံကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးစရိတ် အသုံးပြုရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှချေးငွေများ လယ်ယာအမျိုးအစားအလိုက် စိုက်ဇကာအလိုက် ချေးယူရရှိပါသည်။ သို့သော်လည်း စိုက်ပျိုးစရိတ်ချေးငွေမှာ စိုက်ပျိုးရေးကိစ္စများအတွက် အလုံးစုံလုံလောက်မှု မရှိသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစားချေးငွေစနစ် မတည် (မြစိမ်းရောင် ကျေးရွာ စီမံကိန်း) ဆောင်ရွက်ပေးပါက များစွာအကျိုးဖြစ်ထွန်းနိုင်ကြောင်း တင်ပြ အပ်ပါသည်။

**၇။ ပညာရေး**

ကင်မွန်းခြုံကျေးရွာသည် မူလတန်းကျောင်းသာရှိသေးသည်။ ကျေးရွာတွင် မူလတန်း၊ အလယ်တန်းပြီးမြောက်မှုနှင့် တက္ကသိုလ်/ကောလိပ် ပြီးမြောက်သူမှာ အသင့်အတင့်သာ ရှိပါသည်။ ကျေးရွာရှိ ငွေကြေးတတ်နိုင်သူများမှာ အလယ်တန်းနှင့် အထက်တန်းပညာရေးအား ရွာနှင့်ကပ်လျက်ရှိသော ဘွက်ကျေးရွာသို့ သွားရောက်၍ ပညာဆက်လက်သင်ယူသူများ လည်းရှိပါသည်။ အချို့တတ်နိုင်သူများမှာ ကျေးရွာမှ ၁၅ မိုင်ခန့်ဝေးသော ကသာမြို့သို့ သွားရောက်၍ ပညာသင်ယူကြသူများလည်းရှိပါသည်။ ကသာမြို့သို့ သွားရောက်၍ ကျောင်းတက် ရောက်သူများမှာ အဆောင်နေစရိတ်၊ စားစရိတ်များ များပြားလွန်းသဖြင့် အများစုမှာ ကျေးရွာနှင့် အနီးဆုံးဖြစ်သော ဘွက်ကျေးရွာသို့သာ ကျောင်းတက်ကြသည်ကို တွေ့ရပါသည်။

**၈။ ကျန်းမာရေး**

ကင်မွန်းခြုံကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ဆိုးဝါးမှုမရှိပါ။ ကျေးရွာတွင်ကား အမြန်ဆုံးကုသနိုင်ရန်အတွက် ဘွက်အုပ်စုမှ ဆရာမ(အပြာဝတ်) တစ်ယောက်ရှိ သောကြောင့် လွယ်ကူစွာကုသနိုင်ပါသည်။ သို့သော် ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိသောကြောင့် ဆေးကုသခြင်း ခက်ခဲလျှက်ရှိပါသည်။ ကျေးရွာဆေးပေးခန်း ဆောက်လုပ်ရန် မြေနေရာရှိပြီး ဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်ကြပါ။ ကျေးရွာတွင် သားဖွားဆရာမ မရှိသောကြောင့် ကိုယ်ဝန်ဆောင်သည် မိခင်များမှာ ကျေးရွာနှင့် ၁၅ မိုင်ခန့် ဝေးသော ဇရာဝတီမြစ် တစ်ဖက်ကမ်းသို့ကူး၍ ကသာပြည်သူ့ဆေးရုံကြီးသို့ ခက်ခဲစွာ သွားရောက်ကုသရပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုကြပါသည်။ ထို့ကြောင့် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဗဟုသုတများ နားလည်သဘော ပေါက်ကြပြီး ကျန်းမာရေးဗဟုသုတအသင့်အတင့် ရှိပါသည်။

**၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကင်မွန်းခြုံကျေးရွာ၏ လယ်ယာမြေများသည် မါတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး များ သုံးစွဲနေခြင်းကြောင့် မြေအဆိပ်သင့်မှု၊ အကျိုးပြုပိုးများနှင့် အပင်မျိုးစိတ်များ အန္တရာယ်ရှိနေ ပါသည်။ စက်ဆုပ်ကျေးရွာရှိ လယ်ယာစိုက်ပျိုးနိုင်သော မြေနေရာများမှာ ရွာ၏အရှေ့ဘက်တွင် နွေစပါး၊မိုးစပါးနှင့် ရွာ၏အရှေ့မြောက်ဘက်တွင် ကုန်းပေါ်လယ်ယာများသာ ဖြစ်သည်။ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအနေဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးချိတ်၊ မီးကတ်၊ မီးလှေကား၊ မီးသတ်သဲ၊ မီးသတ်ရေများ ကြိုတင်ပြုလုပ်ထားရှိရေး၊ မီးကြိုး/ မီးကျန်များ မရှိစေရေးတို့ကို ကြိုတင်အသိပေးကြော်ငြာခြင်းများ၊ လိုက်လံစစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက် လျက်ရှိပါသည်။

### ၁၀။ ကျား–မ ရေးရာ

ကင်မွန်းခြံကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း သက်ဆိုင်ရာကဏ္ဍ အလိုက် တက်တက်ကြွကြွပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာလူထုအကြား ကျား/မ တန်းတူ အခွင့်အရေးညီမျှမှု အခြေအနေမှာ ညီမျှမှုရှိပါသည်။ မိသားစုအတွင်းရှိ အမျိုးသား/အမျိုးသမီးများ တွင် လွတ်လပ်သောလုပ်ပိုင်ခွင့်များ ရှိသည်ကိုတွေ့ရပါသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျား/မ ခွဲခြားမှု ပြဿနာများ မရှိသလောက်နည်းပါးပါသည်။ အမျိုးသမီးများသည် အုပ်ချုပ်မှုအခန်းကဏ္ဍ တွင် ပူးပေါင်းပါဝင်မှု နည်းပါးသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။

### ၁၁။ လူငယ်နှင့် ဖွံ့ဖြိုးရေး

ကင်မွန်းခြံကျေးရွာတွင် လူငယ်များသည် ဘာသာရေး၊ လူမှုရေး၊ သာရေး/နာရေးနှင့် ရိုးရာပွဲ များတွင် တက်ကြွစွာပါဝင်ကြသည်။ မျိုးဆက်သစ်လူငယ်များ ဘာသာရေးအသိ အမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် ယဉ်ကျေးလိမ္မာသင်တန်းများ နှစ်စဉ်သင်ကြားပေးလျက် ရှိပါသည်။ လူငယ်၊ လူလတ်များအတွက် ဘောလီဘော၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံးအားကစား များပြုလုပ်နိုင်ရန် နှင့် လူငယ်များအတွက် သီးသန့်အားကစားကွင်း လိုအပ်နေသော်လည်း ငွေကြေးနှင့် မြေနေရာ ခက်ခဲမှုတို့ကြောင့် အားကစားကွင်းဖော်ထုတ်ပေးနိုင်ခြင်း မရှိသေးပါ။ စာဖတ်ဝါသနာ ပါသော လူငယ်များအတွက် ကျောင်းစာကြည့်တိုက်မှ စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ရန် စာကြည့်တိုက်တစ်လုံး လိုအပ်လျက်ရှိပါသည်။ ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ပူးပေါင်းပါဝင်စေ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ဆောင် ရွက်စေလျက် ပရဟိတလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် နေသည်ကို မြင်တွေ့ရသည်မှာ အလွန်ကြည်နူးဝမ်းသာ ဖြစ်ရပါသည်။

### ၁၂။ မူးယစ်ဆေးအန္တရာယ်

ကင်မွန်းခြံကျေးရွာရှိ လူငယ်လူလတ်များ မူးယစ်ဆေးသုံးစွဲခြင်းမှ ကင်းဝေးစေရန် တာဝန်ရှိ ကျေးလက်ကျန်းမာရေးမှူးနှင့် တာဝန်ရှိဝန်ထမ်းများအားဖိတ်ခေါ်၍ အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ပြုလုပ်ပေးပါသည်။ မူးယစ်ဆေးကိုစိတ်ဝင်စားမှု မရှိစေရန် အားကစားကို လုပ်ဆောင်စေခြင်း၊ အားပေးချီးမြှင့်မှုများ ပြုလုပ်ခြင်းနည်းဖြင့် ကာကွယ်စောင့်ရှောက်ပေးပါသည်။

## ၁၃။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်း | ကျေးရွာပတ်လမ်းမြေသားတာဘောင်တင်ခြင်းလုပ်ငန်း၊ ကျေးရွာပတ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း | ၁ |
| ၂ | လမ်း | ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၂ |
| ၃ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းအဆောက်အဦး ဆောက်လုပ်ခြင်း | ၃ |
| ၄ | ပညာရေး | ကျေးရွာစာကြည့်တိုက်အဆောက်အဦး ဆောက်လုပ်ခြင်း | ၄ |
| ၅ | မီးလင်းရေး | မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း | ၅ |

**၁၄။ ကင်မွန်းခြံကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား**

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ – လမ်း | | | | | |
| ကျေးရွာလမ်းမကောင်း၍ ကုန်စည်ပို့ဆောင်ရန်မလွယ်ကူခြင်း | မြေသားလမ်းဖြစ်၍ မိုးရာသီ သွားလာရန် မလွယ်ကူခြင်း | လုပ်သားအင်အားရရှိနိုင်ခြင်း၊ ပြည်သူထည့်ဝင်ငွေရရှိနိုင်ခြင်း | ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ခြင်း | သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်နိုင်ခြင်း | ကျေးရွာပတ်လမ်းမြေသားတာဘောင်တင်ခြင်းလုပ်ငန်း၊ ကျေးရွာပတ်လမ်းကျောက်ခင်းခြင်းလုပ်ငန်း |
| ကဏ္ဍ – လမ်း | | | | | |
| ကျေးရွာလမ်းမကောင်း၍ ကုန်စည်ပို့ဆောင်ရန်မလွယ်ကူခြင်း | မြေသားလမ်းဖြစ်၍ မိုးရာသီ သွားလာရန် မလွယ်ကူခြင်း | လုပ်သားအင်အားရရှိနိုင်ခြင်း၊ ပြည်သူထည့်ဝင်ငွေရရှိနိုင်ခြင်း | ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ခြင်း | သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်နိုင်ခြင်း | ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်းလုပ်ငန်း |

| | | | | | |
|---|---|---|---|---|---|
| ကဏ္ဍ – ကျန်းမာရေး | | | | | |
| ရာသီအလိုက်ဖြစ်သော ရောဂါများ မကာကွယ်နိုင်ခြင်း | ကျေးလက်ဆေးပေးခန်း မရှိခြင်း | ဆေးပေးခန်းဆောက်လုပ် ရန်မြေနေရာရှိခြင်း၊ လုပ်အားရရှိနိုင်ခြင်း | အခြားရွာသို့သွားရောက်ရသဖြင့် အခက်အခဲဖြစ်ခြင်း | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီရယူနိုင်ခြင်း | ကျေးလက်ဆေးပေးခန်း အဆောက်အဦး ဆောက်လုပ်ခြင်း |
| ကဏ္ဍ – ပညာရေး | | | | | |
| ကျေးရွာလူငယ်၊လူရွယ်များ စာပေလေ့လာရာတွင် ခက်ခဲခြင်း | ကျေးရွာစာကြည့်တိုက် မရှိခြင်း | စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာရှိခြင်း၊ လုပ်အားရရှိနိုင်ခြင်း | ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာမရှိခြင်း | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီရယူနိုင်ခြင်း | ကျေးရွာစာကြည့်တိုက် အဆောက်အဦး ဆောက်လုပ်ခြင်း |
| ကဏ္ဍ – မီးလင်းရေး | | | | | |
| ကျေးရွာ လျှပ်စစ်မီး မရရှိခြင်း | ကျေးရွာလျှပ်စစ်မီး မရရှိသေးခြင်း | ကျေးရွာမှ စိတ်အားထက်သန်မှုရှိခြင်း၊ ထည့်ဝင်ငွေ ထည့်ဝင်နိုင်ခြင်း | ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာမရှိခြင်း | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အကူအညီရယူနိုင်ခြင်း | မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း |

**၁၅။ ကင်မွန်းခြံကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၂ | ၂၁ |
| ၁ နှစ်မှ ၅ နှစ် အောက် | ၅ နှစ်အောက်ကလေးငယ် | ၄၀ | ၄၈ | ၈၈ |
| ၅ နှစ်မှ ၁၀နှစ် အောက် | မူလတန်းကျောင်းသားအရွယ် | ၈၁ | ၉၅ | ၁၇၆ |
| ၁၀နှစ်မှ ၁၅နှစ်အောက် | အလယ်တန်းကျောင်းသားအရွယ် | ၁၅၇ | ၁၅၆ | ၃၁၃ |
| ၁၅နှစ်မှ ၆၅နှစ် အောက် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၀၂ | ၅၁၇ | ၁၀၁၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၃၆ | ၅၉ |
| စုစုပေါင်း | | ၈၁၂ | ၈၆၄ | ၁၆၇၆ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၃၄ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိန်းကလေးလူဦးရေသည် ယောကျ်ားလေးလူဦးရေထက် ပိုများပါသည်။ ကျေးရွာရှိ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေနှုန်းသည် ၅ ယောက်ခန့် ရှိပါသည်။

……..

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၉၅ | ၇၆၈ | - | မြင့် □√ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၇ | မြင့် □ လတ်□ နိမ့်□√ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၂၁ | ၄၇ | မြင့် □ လတ်□ နိမ့် □√ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၆ | မြင့် □ လတ်□ နိမ့် □√ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၉ | - | မြင့် □ လတ်□ နိမ့် □✓ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၁၃ | - | မြင့် □ လတ်□ နိမ့် □✓ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၇ | ၆ | မြင့် □ လတ်□ နိမ့် □✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၇ | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် □ လတ်□ နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | – | | – | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၃၃၄ | ၈၂၅ | ၆၆ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ၄င်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး မွေးမြူရေး လုပ်ငန်း၊ လက်သမား/ပန်းရံလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ရောင်းဝယ်ရေးကို အနည်းငယ်လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးအငှားလုပ်ကိုင်ခြင်းနှင့် ပန်းရံနောက်လိုက်လုပ်ငန်းကို အနည်းစု လုပ်ကိုင်ကြပါသည်။ .....

.....

## (၈) သဘာဝရင်းမြစ်များ

### (၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၆၄၁ | ကောင်း ☐ | သင့်☐√ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၄၁၁ | ကောင်း ☐ | သင့်☐√ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၉ | ကောင်း ☐ | သင့်☐√ | ညံ့ ☐ |
| ခနိတောမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၁၀၆၁ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏စိုက်ပျိုးမြေများသည် လယ်မြေ၊ ယာမြေနှင့် ကိုင်းကျွန်းမြေများ အများဆုံး တွေ့ရှိရပါသည်။

### (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☐√ | လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ☐√ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ □ သင့်□ နည်း □√ မရှိ □ | လွယ်□ ခက်□√<br>အသုံးမပြုနိုင်ပါ □ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ □ သင့်□√ နည်း □ မရှိ □ | လွယ် □√ ခက်□<br>အသုံးမပြုနိုင်ပါ □ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ □ သင့်□ နည်း □ မရှိ □√ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏အနောက်ဘက် ဧရာဝတီမြစ်မှ သဲများ အနည်းငယ်ရရှိကြောင်း တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၃ | ၂၆၇ | ၃၇ | ၇ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလယ်အလတ်ရှိသောအိမ်ထောင်စု များကြောင်း တွေ့ရှိရပါသည်။ တချို့အိမ်ထောင်စုများသည် လယ်မြေရှိသော်လည်း မြေမကောင်းခြင်းကြောင့် သီးနှံဖြစ်ထွန်း နည်းပါးသဖြင့် မွေးမြူရေးလုပ်ငန်းနှင့်တွဲ၍ လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

## (c) ထိခိုက်လွယ်မှု

### (c-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၇ | အခြားအစာပြောင်းလဲစား = - <br> အစာလျှော့စား = - <br> အထောက်အပံ့ယူ = - <br> ချေးယူ = ၂ <br> လုပ်အားခကြိုယူ = ၅ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၁ | အခြားအစာပြောင်းလဲစား = - <br> အစာလျှော့စား = - <br> အထောက်အပံ့ယူ = - <br> ချေးယူ = ၂၁ <br> လုပ်အားခကြိုယူ = - |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၆ | အခြားအစာပြောင်းလဲစား = - <br> အစာလျှော့စား = - <br> အထောက်အပံ့ယူ = - <br> ချေးယူ = ၁၆ <br> လုပ်အားခကြိုယူ = - |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်သော်လည်း မြေဆီဩဇာမကောင်းသောကြောင့် သီးနှံအထွက်နှုန်း နည်းပါးကာ ဝမ်စာဖူလုံမှုသည် တစ်ရွာလုံးနှင့် နှိုင်းယှဉ်လျှင် အသင့်အတင့် အခက်အခဲများ ရှိကြောင်း တွေ့ရှိရပါသည်။

……

……

**(ဇ–၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် မရှိပါ။ မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိကြောင်းတွေ့ရှိရပါသည်။ **ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂)ဦး တွေ့ရှိရပါသည်။**

**(ဇ–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့်☐ √ | မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့်☐ √ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ √ | မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၄ | မိုးခေါင်ခြင်း | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် □ | လတ် □ | နိမ့်□ | မရှိ □✓ |
| ၆ | မုန်တိုင်း | မြင့် □ | လတ် □ | နိမ့်□ | မရှိ □✓ |
| ၇ | ငလျင် | မြင့် □ | လတ် □ | နိမ့်□ | မရှိ □✓ |
| ၈ | မီးဘေး | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် □ | လတ် □ | နိမ့်□ | မရှိ □✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |
| ၁၂ | ၄က်ဖျားရောဂါ | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |
| ၁၃ | တီဘီရောဂါ | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် □ | လတ် □ | နိမ့်□ | မရှိ □✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် □ | လတ် □ | နိမ့်□ | မရှိ □✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် □ | လတ် □ | နိမ့်□ | မရှိ □✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် □ | လတ် □ | နိမ့်□ ✓ | မရှိ □ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။စားနပ်ရိက္ခာမဖူလုံမှုကြောင့်** ထိခိုက်လွယ်သောအိမ်ထောင်စု အရေအတွက် အနည်းငယ်သာရှိကြောင်း တွေ့ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် □ လတ် □ နိမ့်□ √ မရှိ □ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် □ လတ် □ နိမ့်□ √ မရှိ □ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် □ လတ် □ √ နိမ့်□ မရှိ □ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် □ လတ် □ နိမ့်□ √ မရှိ □ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ √ မရှိ □ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□√ မရှိ □ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် □ လတ် □ နိမ့်□ √ မရှိ □ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် □ လတ် □ နိမ့်□ √ မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၁၅ | ဆေးစွဲသူများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် □ လတ် □ နိမ့်□ √ မရှိ □ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် □ လတ် □ နိမ့်□ မရှိ □√ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူငယ်များပေါများသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။

……..

……..

……..

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အရံမီးသတ် | ၁□ ၂□√ ၃□ | ၃၀ | - | ၃၀ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □√ | ကောင်း □√<br>သင့် □<br>ညံ့ □ |
| ၂ | ကျောင်း ကော်မတီ | ၁□ ၂□√ ၃□ | ၅ | ၂ | ၇ | ပညာရေး □√ ငွေကြေး □√<br>ကျန်းမာရေး □√ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □√<br>သင့် □<br>ညံ့ □ |
| ၃ | လမ်း ကော်မတီ | ၁□ ၂□√ ၃□ | ၅ | ၂ | ၇ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □√<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း□√<br>သင့် □<br>ညံ့ □ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၄ | ဝေယျာဝစ္စအဖွဲ့ | ၁□ ၂□√ ၃□ | ၁၄ | ၇ | ၂၁ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □√<br>သင့် □<br>ညံ့ □ |
| ၅ | မယ်ခင်၊ ပေါ်ခင် | ၁□ ၂□√ ၃□ | ၁၅ | ၁၅ | ၃၀ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □√ ဘာသာရေး □√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □√<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □√<br>သင့် □<br>ညံ့ □ |
| ၆ | | ၁□ ၂□ ၃□ | ၆ | ၁ | ၇ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် □<br>ညံ့ □ |
| ၇ | - | ၁□ ၂□ ၃□ | | | | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် □<br>ညံ့ □ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းရှိ လူမှုအဖွဲ့အစည်းများအနေဖြင့် အရံမီးသတ်၊ ကျောင်းကော်မတီ၊ ဝေယျာဝစ္စအဖွဲ့၊ လမ်းကော်မတီနှင့် မယ်ခင်/ပေါ်ခင်အဖွဲ့များ ဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | - | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ဌေးကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာမှသာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နေလျက်ရှိကြောင်း တွေ့ရှိရပါသည်။

……

……

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၀၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၈၇ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၂ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၄ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၃၄ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုသည် ကျေးရွာ၏ ၂ % ခန့်ရှိပါသည်။ ကျေးရွာတွင် ယာမြေဧကများသော်လည်း စိုက်ပျိုးမြေမကောင်းခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းကာ ဆင်းရဲကြောင်း တွေ့ရှိရပါသည်။

……

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဧယား** (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |
| ၃ | မြစ်ရေတင်စီမံကိန်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |
| ၅ | အဝီစိတွင်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |
| ၆ | လက်ဝင်ရေတွင်း | ၁၆ | တစ်နှစ်ပတ်လုံး□√ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□√ မရှိ□ မဖြေဆိုပါ □ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |
| ၈ | မြစ်ရေ | ၉၀၈ | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ □ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြစ်လက်တက်မှ အများဆုံးရေရယူ၍ စိုက်ပျိုးနိုင်ပြီး ကျန်ယာမြေများသည် မိုးရေဖြင့်သာ အားကိုးစိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

## (၃)  အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစု ပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျှမ်း မျှ | မှ | ထိ | | |
| စပါး | ၇၇၉ | တင်း | ၄၀ | ၆၀ | ၅၀ | ဝါခေါင် | နတ်တော် | မြင့်□ လတ်□ ✓နိမ့်□ | မြင့်□ လတ်□ ✓ နိမ့်□ |
| မြေပဲ | ၃၂၆ | တင်း | ၆၀ | ၈၀ | ၇၀ | ပြာသို | တပေါင်း | မြင့်□ လတ်□ ✓နိမ့်□ | မြင့်□ လတ်□ ✓ နိမ့်□ |
| နှမ်း | ၈၃ | တင်း | ၂၀ | ၃၀ | ၂၅ | တန် ဆောင် မုန်း | ပြာသို | မြင့်□ လတ်□ ✓နိမ့်□ | မြင့်□ လတ်□ ✓ နိမ့်□ |
| – | – | – | – | – | – | – | – | မြင့်□ လတ်□ နိမ့်□ | မြင့်□ လတ်□ နိမ့်□ |
| – | – | – | – | – | – | – | – | မြင့်□ လတ်□ နိမ့်□ | မြင့်□ လတ်□ နိမ့်□ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နွေစပါးနှင့်မိုးစပါးကို အဓိကစိုက်ပျိုးကြပြီး ရာသီဥတုကောင်းလျှင် တစ်ကေ ၆၀တင်း ကျော်ခန့် ထွက်ရှိပါသည်။ စပါးရိတ်သိမ်းပြီး မြေပဲနှင့် နှမ်းကို ဆက်လက် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေများသည် မြေဆီမြေဩဇာ မကောင်းမွန်သည့်အတွက်ကြောင့် သီးနှံ အထွက်နှုန်း မကောင်းပါ။

……

## (၄)  လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | – | – | ၄ |
| လက်တွန်းထွန်စက် | ၁၃ | – | – | ၇ |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | ၁၇ |
| ရိတ်သိမ်းစက် | ၁ | – | – | – |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ခြွေလှေ့စက် | ၃ | - | - | - |
| ရေစုပ်စက် | ၁၉၂ | - | - | ၁၆ |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၇ | - | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**
**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှ စိုက်ပျိုးရေးတွင် မိရိုးဖလာနည်းကိုသာ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးတွင် နွားများဖြင့် ထွန်ယှက်စိုက်ပျိုးကြပြီး စက်ပစ္စည်းသုံးစွဲမှု ခေတ်မီလာကြောင်း တွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ□√ မဖြေဆိုပါ□ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ□√ မဖြေဆိုပါ□ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ □ အသင့်အတင့်ရှိ□√ မဖြေဆိုပါ□ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် □ ရသည် □√ မဖြေဆိုပါ □ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □√ မဖြေဆိုပါ □ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် □√ မဖြေဆိုပါ□ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် □√ မဖြေဆိုပါ□ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□√ မဖြေဆိုပါ □ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ | အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□√ မဖြေဆိုပါ □ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| ဝန်ဆောင်မှုများ | |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □<br>သီးနှံများကို ရောင်းချနိုင်သည် □√ မဖြေဆိုပါ □ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ အတင့်အသင့်ရှိသော်လည်း နည်းပညာနှင့် ငွေကြေးအခက်အခဲများရှိပါသည်။

……..

……..

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်□√ မဖြေဆိုပါ□ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ □√<br>လယ်ယာမြေဆုံးရှုံးမှုများသည် □<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □<br>ပလပ်မြေများရှိသည် □<br>ပလပ်မြေအသင့်အတင့်ရှိသည်□ မဖြေဆိုပါ □ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | **အလွယ်တကူမရနိုင် □√ လုံးဝမရ □ မဖြေဆိုပါ □** |
| သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ □√**<br>**သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ □**<br>**မဖြေဆိုပါ □** |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | **ဆိုးရွားစွာကျ □ အသင့်အတင့်ကျ □ အနည်းငယ် □√**<br>**မဖြေဆိုပါ □** |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**
**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအိမ်ထောင်စုအများစုသည် မိရိုးဖလာလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

……

……

……

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၂၅၄ | ၆၇၃ |
| **နို့စားနွား** | - | - |
| **ကျွဲ** | ၃ | ၇ |
| **မြင်း** | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၁၃ | ၅၆ |
| ကြက် | ၂၃၈ | ၁၂၁၆ |
| ဘဲ | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စု (၁၃) စု သာ ရှိပါသည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | ပေါများ □ အသင့်အတင့်□√ မဖြေဆိုပါ □ |
| **ရေရရှိမှု** | အလုံအလောက်ရနိုင်□ အသင့်အတင့်ရနိုင်□√ မဖြေဆိုပါ □ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် □<br>မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် □√ မဖြေဆိုပါ□ |
